## နောက်ဆုံးထွက် DVD အသစ်ရှာမယ်




စတိုးဆိုင်တွေမှာ ရရှိနိုင်တဲ့ DVD အသစ်တွေရဲ့ သတင်းကို စိတ်ဝင်တစား စောင့်မျှော်တတ်သူတွေအတွက် အကောင်းဆုံး ဝက်ဘ်ဆိုက်ပါ။ Digital Bits  http://www.thedigitalbits.com/ ဟာ သူ့ရဲ့ Upcoming Cover Art Section မှာ သတင်းအပြည့်အစုံနဲ့ကို ဖော်ပြပေးထားပါတယ်။ ဒါတင်မကပါဘူး နောက်ထပ် ထွက်ရှိမယ့် DVD အသစ်တွေရဲ့ အကြောင်း၊ disc အသစ်တွေအကြောင်းနဲ့ DVD format နဲ့ပတ်သက်ပြီး မကြာခဏ မေးမြန်းတတ်တဲ့ မေးခွန်း တွေရဲ့ အဖြေတွေကိုပါ စုစည်းပေးထားတာကို တွေ့ရပါတယ်။

## Ovi.com ရဲ့ဝန်ဆောင်မှု




သင့်ကွန်ပျူတာထဲက Data တွေကို Online Portal နဲ့ sync လုပ်ပြီး အချိန်မရွေး သင့်ရဲ့ Nokia ဖုန်းပေါ်ကို ပို့ဆောင်ပေးဖို့ www.ovi.com ဝန်ဆောင်မှုက မကြာမတင်မှာ လုပ်ဆောင်နိုင်တော့မယ်လို့ Nokia က ပြောထားပါတယ်။

လက်ရှိအခြေအနေက Nokia N 95 စမတ်ဖုန်းနဲ့ Lenovo Laptop က သီးခြားကမ္ဘာလို ရှိနေပါသေးတယ်။ Ovi.com က Data တွေကို အလိုအလျောက် sync လုပ်ပြီး ဖုန်းနဲ့ ကွန်ပျူတာကို ဆက်သွယ်ပေးမယ်။ Sonud file, Documents နဲ့ Image တွေကိုပါ ပို့ပေးနိုင်မယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် မီဒီယာနဲ့ Documents များအားလုံးကို အဆုံးစွန် Access ရနေပေမယ့် မြန်ဆန်တဲ့ Cellular ဒါမှမဟုတ် Wi-Fi Connection ရှိနေဖို့တော့ လိုပါမယ်။